DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

## စာဖတ်ခြင်းစစ်တမ်း (RI) ကျောင်းပညာစာဖတ်ခြင်းစစ်တမ်း (SRI) ဟုလည်းခေါ်သည်

အကဲဖြတ်စစ်ဆေးမှုများသည် ကျောင်းသားများ၊ မိဘများနှင့် ဆရာများကို ကျောင်းသားများ ၂၁ ရာစုအတွက် အတန်းအဆင့်စံချိန်စံညွှန်းများကို တတ်ကျွမ်းမှုရှိမရှိနှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရှိမရှိ စသောတန်ဖိုးရှိသော အချက်အလက်များကိုပေးသည်။ ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များသည် သင့်ကလေး၏ပညာရေးတိုးတက်မှုကို သက်သေပြမှုရာတွင် အတိုင်းအတာတစ်ခုကို ပေးရန်ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

SRI သည် အခြေခံစာဖတ် သွက်လက်မှုနှင့် စာဖတ်နားလည်မှု နှစ်မျိုးစလုံးကို တိုင်းတာသော လိုက်လျောညီထွေဖြစ်သည့် ကွန်ပြူတာဖြင့် အကဲဖြတ်စစ်ဆေးခြင်း တစ်ခုဖြစ်သည်။ SRI သည် ကနဦး စာလုံးများ ကြည့်မှုမှစ၍ ကောလိပ်နှင့် အလုပ်ခွင်အဆင့်အထိ စာများကို ဖတ်နိုင်သည့် ကျွမ်းကျင်မှုကို လမ်းကြောင်းပေးသည်။ စာဖတ်ခြင်းအတွက် Lexile မူဘောင်ကိုသုံးခြင်းအားဖြင့် SRI သည် ပညာပေးသူများကို ကျောင်းသားတစ်ယောက်၏ သွားနေသော လမ်းကြောင်းတွင် အတန်းအဆင့် ကျွမ်းကျင်မှုနှင့် ကောလိပ်နှင့် အလုပ်အတွက် အဆင်သင့်မှု၊ ညွှန်ကြားမှုကို ခွဲခြားခြင်း၊ ကြားဝင်မှုများနှင့် ပြုလုပ်နိုင်သော ဒေတာများတွင် တာဝန်ယူနိုင်ခြင်းတို့ ဖြစ်စေရန် ခန့်မှန်းစေနိုင်သည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

SRI သည် READ ဥပဒေ Cohort ၏အစိတ်အပိုင်းဖြစ်သော ၆-၁၂ တန်းရှိ ကျောင်းသားများအတွက် စီမံပြုလုပ်ပေးသည်။ The READ ဥပဒေ စစ်ဆေးသော ဝင်းဒိုးများကို ဆောင်းဦးနှင့် နွေဦးတွင် ရက်သတ္တပတ် ခြောက်ပတ် ထားရှိသည်။

**စစ်ဆေးသော ဝင်းဒိုး**

စစ်ဆေးသော ဝင်းဒိုးသည် အချိန်ကာလတစ်ခုဖြစ်ပြီး ယင်း၏ အချို့ရက်များတွင် သင့်ကျောင်းသားအား စစ်ဆေး၍ အချို့ရက်များတွင် ညွှန်ကြားချက်များကို ရရှိသည်။ ဝင်းဒိုးတစ်ခုလုံး အတွင်းတွင် ကျောင်းသားများကို မစစ်ဆေးပါ။ သင့်ကျောင်းသားအတွက် တိကျသော စစ်ဆေးသည့် ရက်များကို သိရှိရန် သင့်ကလေး၏ ဆရာထံ မေးမြန်းပါ။

သင့်ကလေးကို ဝင်းဒိုးတစ်ခုစီတွင် တစ်ကြိမ် အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်ပေးမည်၊ သူတို့ကို ဝင်းဒိုးတစ်ခုလုံးအတွင်း၌ စစ်ဆေးခြင်းမဟုတ်ဘဲ အတန်းကိုလိုက်၍ အချို့ရက်များတွင်သာ စစ်ဆေးမည်။ အကဲဖြတ် စစ်ဆေးခြင်းတစ်ခုစီသည် သူတို့၏အတန်းနှင့် စာဖတ်နိုင်သည့်အဆင့်ပေါ်လိုက်၍ ၂၀-၄၀ မိနစ်ကြာသည်။ SRI ကိုတိုးတက်မှု စောင့်ကြည့်ရန် အတွက် ကျောင်းနှစ်တစ်နှစ်လုံး အတွက်လည်း စီမံပြုလုပ်ပေးနိုင်သည်။ သူတို့၏ စစ်ဆေးသော အချိန်ဇယားကို သိရှိရန် သင့်ကလေး၏ ဆရာထံမေးမြန်းပါ။

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

သင့်ကလေးသည် သူတို့၏ စာဖတ်နားလည်မှု ကျောင်းပညာစာဖတ်စစ်တမ်း ပေါ်တွင်အခြေခံသော Lexile အမှတ်တစ်ခုကို ရရှိလိမ့်မည်။ SRI စစ်ဆေးမှု ရလဒ်များသည် သင့်ကလေး၏ စာဖတ်နားလည်မှု အဆင့်များကို တိုင်းတာ၍ ဆရာများကို သူတို့၏ စာဖတ်နိုင်မှုစွမ်းရည်ကို အကဲဖြတ်ခြင်း၊ လိုအပ်သလို ညွှန်ကြားချက်များကို စီစဉ်ခြင်းနှင့် စာဖတ်တိုးတက်မှုကို စောင့်ကြည့်နိုင်စေသည်။

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

SRI စွမ်းဆောင်မှု စံချိန်စံညွှန်း ကျွမ်းကျင်မှုလိုင်းများမှ ဆုံးဖြတ်ပေးသော SRI Lexile အမှတ်များကို တစ်တန်းလုံး စာဖတ်ခြင်း၊ အုပ်စုလိုက် စာဖတ်ခြင်း၊ အကူအညီမပါသော စာဖတ်ခြင်းနှင့် လမ်းညွှန်ပါ စာဖတ်ခြင်းတို့၌ စာဖတ်ခြင်းအဆင့်ကို ထူထောင်ပေးရာတွင် အသုံးပြုသည်။ SRI Lexile အမှတ်များကို သင့်ကလေးသည် အတန်းအဆင့်အတိုင်း (သို့) ယင်းထက်နိမ့်၍ စာဖတ်နိုင်သည်ကို ဆုံးဖြတ်ပေးရာတွင် သက်သေ အထောက်အထား၏ အစိတ်အပိုင်းအနေဖြင့် အသုံးပြုသည်။

## ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေးကို အိမ်တွင်ကူညီရန် နှင့် စစ်ဆေးသည့် နေရာထိုင်ခင်းများ ရနိုင်မှုရန် နည်းလမ်းများအတွက် သင့်ကလေး၏ ဆရာကိုဆက်သွယ်ရန် ဝန်မလေးပါနှင့်

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။